The Kumudra Weekly

**The Kumudra Weekly, 07 January 2005**

# ရတနာ့မေတ္တာ အိတ်ချ်အိုင်ဗီ အစီအစဉ်တွေ စတင်

**ရန်ကုန်၊ ဇန်နဝါရီ ၅-** အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ် ရောဂါဆိုင်ရာ ပညာပေး လုပ်ငန်းတွေမှာပါဝင်လိုတဲ့ စေတနာ့ဝန်ထမ်းတွေအတွက် ထေရဝါဒဗုဒ္ဓနည်းကျဆင့်ပွား ဆရာဖြစ် သင်တန်းတွေကို ၂၀၀၅ ခုနှစ်မှာ စတင်ဖွင့်လှစ်သွားမှာ ဖြစ်တယ်။ တက် ရောက် လို သူ များ ဆက်သွယ်စုံစမ်းနိုင်တယ်လို့ ရတနာ့မေတ္တာအဖွဲ့ထံမှ သိရတယ်။

အခြေခံ ပညာအထက်တန်းအဆင့်ရှိတဲ့ အသက် ၂၅ နှစ်က ၅၀ နှစ်အထိ လူမျိုးဘာသာမရွေး၊ စေတနာ့ဝန်ထမ်း၊ လူမှုရေး စိတ်ဓာတ် ရှိသူများ တက်ရောက် သင်ယူနိုင်ပါတယ်။ ပို့ချပေးမယ့်သင်တန်း ဆရာတွေက UNICEF သင်တန်းဆင်း ဆရာတွေ၊ အငြိမ်းစား ဆရာဝန်ကြီးတွေ၊ ပိဋကတ် ပညာရှင်တွေက သင်ကြားပေးမှာပါ။

သင်တန်းတက်ပြီး သူတွေကတော့ နီးစပ်ရာ အဖွဲ့အစည်း၊ ဓမ္မာရုံ၊ အသင်းအဖွဲ့၊ ရပ်ကွက်၊ မြို့နယ်တွေကို တစ်ဆင့် ပြန့်ပွားအောင် လုပ်ဆောင်ပေးရမှာပါ။ အဓိက အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ် ရောဂါဆိုင်ရာ သိသင့်သိထိုက်တဲ့ ကျန်းမာရေး ပညာပေးလုပ်ငန်းတွေကို ပြည်သူအများသိရှိအောင် ရည်ရွယ်ပါတယ်။ ရပ်ကွက်အတွင်း အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ် ဝေဒနာရှင်တွေ့ရင် ဆက်သွယ်ပြုစု၊ စောင့်ရှောက်နိုင်ဖို့ သင်တန်းဆင်းတွေက လုပ်ဆောင်ရမှာပါ။

ရဟန်းသံဃာ၊ သီလရှင်တွေလည်းတက်ရောက်နိုင်တယ်။ သံဃာတော်၊ သီလရှင်များ ဘက်ကလည်း အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်နဲ့ပတ်သက်ပြီး ကာကွယ်စောင့်ရှောက်ရေးအတွက် ဝိနည်းနဲ့ အညီ ဟောပြော ဆောင်ရွက်သွားကြမှာဖြစ်တယ်။

ဝေဒနာရှင်တွေအတွက် စိတ်ဓာတ်မြှင့်တင်ရေးအတွက် ၂၀၀၅ ခုနှစ်က စပြီး ရှင်သာမဏေဓမ္မဝိမာန်မှာ တစ်လတစ်ကြိမ် တရားစခန်း ဖွင့်လှစ်ပေးသွားမှာ ဖြစ်ပါတယ်။

၂၀၀၅ ခုနှစ် ကစပြီး ပရဟိတဘုန်းကြီးကျောင်း နှစ်ကြောင်းနဲ့ သီလရှင် နှစ်ကျောင်းမှာ စတင်ပြီး အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်ကြောင့် ကွယ်လွန်သွားရတဲ့ မိဘတွေရဲ့ ကလေးငယ်တွေကို စတင်လက် ခံ နေ ပြီ ဖြစ် တယ်။ လာရောက် အပ်နှံ လိုသူတွေအနေနဲ့ ရတနာ့မေတ္တာအဖွဲ့ကိုဆက်သွယ်နိုင်တယ်လို့ သိရတယ်။ အဓိက မိဘမဲ့ကလေးတွေရဲ့ စားဝတ်နေရေး၊ ပညာရေးကို တာဝန်ယူစောင့်ရှောက်ပေးသွားမှာဖြစ်တယ်လို့ ရတနာ့မေတ္တာအဖွဲ့ ဥက္ကဋ္ဌထံမှ သိရှိရပါတယ်။

**ဆုမွန်အေး**



**ထေရဝါဒ ဗုဒ္ဓနည်းကျ အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ် ကာကွယ်နိုင်ဖို့ ဆရာဖြစ် ဆင့်ပွားသင်တန်း သံဃာ၊ သီလရှင်တွေပါ ပါဝင်မည်။**